www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

သားငယ်သမီးငယ်တို့အတွက်

# သိမှတ်စရာ ကျင့်ဝတ် အဖြာဖြာ

လင်းသက်နိုင်

စုစည်းတင်ဆက်သည်

ဖြန့်ချိရေး
စာပေလောက ၅
အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊
မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၂၅၀၆၇၊ ၀၉ ၇၃၁၄၀၉၃၆
Website : www.sarpaylawka 5.com
Email : splk5mm@gmail.com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀) |
| ထုတ်ဝေခြင်း | မေ၊ ၂၀၁၄ |
| တန်ဖိုး | ၁၃၀၀ ကျပ် |
| စီစဉ်သူ | နှင်းမြတ်သွယ် |
| အဖုံးနှင့်အတွင်းသရုပ်ဖော် | ကာတွန်း စိုးစံ |
| အဖုံးနှင့်အတွင်း | ကျော်ကျော် |
| ထုတ်ဝေသူ | ဒေါ်တင်ထွေးယဉ် (မြ ၀၃၇၆၆)၊ ကုဆ္ဆာသယ စာပေတိုက်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ဦးထင်အောင်ကျော် (မြ ၀၉၉၅၈)၊ ရွှေပြည်ဟိန်းပုံနှိပ်တိုက်၊ ရန်ကုန်။ |

လင်းသက်နိုင်
သားငယ်သမီးငယ်တို့အတွက် သိမှတ်စရာ ကျင့်ဝတ်အဖြာဖြာ
Little Boy Publishing House - ရန်ကုန်။
၁၃၀ စာ၊ ၁၄ x ၁၂.၅ စင်တီ
သားငယ်သမီးငယ်တို့အတွက် သိမှတ်စရာ ကျင့်ဝတ်အဖြာဖြာ


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူအမှာ

ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်လာမည့် သားငယ် သမီးငယ်တို့ဟာ ငယ်ရွယ်စဉ်ကာလမှစ၍ ဗုဒ္ဓဘာသာရဲ့ အခြေခံကျင့်စဉ်ဆိုင်ရာ နည်းနာအဖြာဖြာတို့ကို သိမှတ်ထားဖို့ လိုအပ်ပါတယ်။ ကျင့်ဝတ်ဆိုသော စကား၏အဓိပ္ပာယ်ကို ဖွင့်ရသော် 'လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား' လို့ ဆိုပါတယ်။

ဒါကြောင့်မို့ သားတို့ သမီးတို့ ကိုယ်တိုင်ငယ်စဉ်ကစ၍ လိုက်နာ စောင့်ထိန်းအပ်သော ကျင့်ဝတ်အဖြာဖြာကို သိနားလည်ပြီး နောက်ထပ်ပေါ်ထွက်လာမည့် မျိုးဆက်သစ်များဆီသို့ပါ လက်ဆင့်ကမ်း သယ်ဆောင်နိုင်စေခြင်း အလို့ငှာ

www.burmeseclassic.com

www.burmeseclassic.com


သားတို့၊ သမီးတို့ စိတ်ထဲ လွယ်ကူစွာသိနိုင်ရန်အတွက် ဤ 'သိမှတ်စရာ၊ ကျင့်ဝတ်အဖြာဖြာ' ပုံပြစာအုပ် ငယ်လေးအား မှတ်စုမှတ်ရာ အဖုံဖုံတို့မှ စုစည်း၍ စီစဉ်တင်ဆက်လိုက်ရပါသည်။

**လေးစားစွာဖြင့်**
**လင်းသက်ခိုင်**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက သိင်္ဂါလသတို့သားသည် နံနက်စောစော၌ ရာဇဂြိုဟ်မှထွက်၍ မြို့ပြင်၌
လက်အုပ်ချီ၍ အရပ် (၆)ပါးကို နေ့စဉ် ရှိခိုး၏။

www.burmeseclassic.com

 www.burmeseclassic.com

## မေး ၁

မြတ်စွာဘုရားသည် နံနက်အချိန်၌ ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်စဉ် အရပ် (၆) မျက်နှာကို လှည့်လည်ရှိခိုးနေသည့် သိင်္ဂါလသတို့သားကို မြင်၍မေးတော်မူလေသည်။

"သူကြွယ်သား . . . သင်သည် ဘယ့်အတွက်ကြောင့် အရပ် (၆)မျက်နှာကို လှည့်လည်၍ ရှိခိုးနေပါသနည်း"

BURMESE CLASSIC

"အရှင်ဘုရား . . ကျွန်ုပ်၏ဖခင် သေခါနီးတွင် ကျွန်ုပ်အား အရပ်(၆) မျက်နှာအား ရှိခိုးရမည်မှာခဲ့၍ ဖခင်အား လေးစားသောအားဖြင့် ရှိခိုးနေခြင်း ဖြစ်ပါသည်"

"သူကြွယ်သား . . . အရိယာတို့ သာသနာတော်၌ အရပ် (၆)ပါးအား ဤသို့ မရှိခိုးရပါ"

"မြတ်စွာဘုရား . . . ဤသို့ ရှိမခိုးရလျှင် အဘယ်သို့ ရှိခိုးအပ်သည်ကို ကျွန်ုပ်အား ဟောတော်မူပါ"

"သူကြွယ်သား . . . နာကြားလိုသည်ဖြစ်မူ ကောင်းစွာနာကြားလော့"


"ကောင်းပါပြီ . . . မြတ်စွာဘုရား၊ လေးလေးစားစား နာခံမှတ်သားထားပါမည်"

ဤသို့ဖြင့် သိင်္ဂါလ သတို့သား၏ တောင်းပန်လျှောက်ထားမှုကြောင့် သိင်္ဂါလသတို့သားကို အကြောင်းပြု၍ အိမ်ရာတည်ထောင် လူ့ဘောင်နေသူလူတို့၏ လောကီ အကျိုးစီးပွားအတွက် ဤသို့ဟောတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူကြွယ်သား အရိယာသာဝကတို့သည် အရပ် (၆)ပါးကို လုံခြုံစေရာ၏။

www.burmeseclassic.com

 www.burmeseclassic.com

## အခြေ ၁

၁။ မိဘတို့သည် သားသမီးကို ကျွေးမွေးပြုသောကြောင့် အရှေ့အရပ် မည်၏။

၂။ ဆရာသမားဟူသည် မြတ်သောအပူဇော်ကို ခံထိုက်သဖြင့် တောင်အရပ် မည်၏။

၃။ သားမယားတို့သည် အနောက်တလိုက်ရသည့်အတွက် အနောက်အရပ်။

၄။ အဆွေခင်ပွန်းတို့သည် ဆင်းရဲဒုက္ခကို ကျော်လွှန်စေသည့်အတွက် မြောက်အရပ်၊

၅။ အလုပ်သမားတို့သည် ခြေရင်း၌ တည်သောကြောင့် အောက်အရပ်၊

၆။ ရဟန်းသံဃာတို့သည် ဂုဏ်ပုဒ်အသီးသီးဖြင့် ကောင်းကင်အထက်မှာ တည်သောကြောင့် အထက်အရပ်မည်၏။ ထိုအရပ် (၆)ပါးကို လုံခြုံအောင် စောင့်ရှောက်နိုင်ရာ၏ဟု ဟောတော်မူလေသည်။

သိင်္ဂါလသတို့သားကို အစွဲပြု၍ ဟောတဲ့အတွက် သိင်္ဂါလောဝါဒသုတ်လို့ ခေါ်တယ်။ သားတို့ သမီးတို့ ကြားဖူးသိဖူးပြီးသား ကဗျာလေးတွေပါ။ မိဘဝတ် (၅)ပါး၊ သားသမီးဝတ် (၅) ပါးတို့ဆိုတာ ရပြီးသားနော်။ အဲဒီမှာ ဝတ်ဆိုတာက ကျင့်ဝတ်၊ ဝတ္တရား စသဖြင့် သတ်မှတ်ခေါ်ဆိုတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁။ သားသမီးကျင့်ဝတ် (၅)ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှမ်းဝေ၍ စောင့်လေမျိုး နွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့ သမီးတို့တာ။

www.burmeseclassic.com

www.burmeseclassic.com

မိဘဟာ သားသမီးကို ကိုယ်ဝန်လွယ်ချိန်မှစ၍ အရွယ်ရောက်တဲ့အထိ ကျွေးမွေးခဲ့ပါလားဆိုတဲ့ ကျေးဇူးတရားကို သိနားလည်ပြီး ပြန်လည်ကျွေးမွေးပြုစုတာ မွန်မြတ်တဲ့အလုပ်ပါ။ ပြီးတော့ အရွယ်ရောက်လာတဲ့အခါ မိဘတွေရဲ့ လုပ်ငန်းဆောင်တာတွေကို ဝင်ရောက် ဆောင်ရွက်ပေးတာ၊ အမွေခံရာမှာတော့ ပစ္စည်းဥစ္စာ အဓိကမဟုတ်ဘဲ၊ မိဘနှစ်ပါးဆီက ပညာအမွေ၊ စိတ်ဓာတ်အမွေ ခံယူနိုင်အောင် ကြိုးစားရမယ်။ ပြီးတော့ မိမိပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေကို မိဘတွေရအောင် ဝေမျှရမယ်။ ပြီးတော့ နောက်ဆုံးအနေနဲ့ မိဘတွေရဲ့ ပစ္စည်းဥစ္စာနဲ့ မိဘတွေဆောင်ရွက်တဲ့အတိုင်း အစဉ်အလာတွေကို တည်တံ့အောင် ထိန်းသိမ်းနိုင်တာ သားတို့၊ သမီးတို့ လိုက်နာရမည့် ကျင့်ဝတ်တစ်ခုပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၂။ မိဘကျင့်ဝတ် (၅) ပါး

မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ။

www.burmeseclassic.com


 www.burmeseclassic.com

မိဘဟာ သားသမီး မကောင်းတာ မလုပ်မိအောင် တားမြစ်နိုင်ပြီး ကောင်းရာ ကောင်းကြောင်းကို လုပ်ဖို့လည်း ညွှန်ပြရတယ်။ ဒီအတွက် မိဘကို လက်ဦးဆရာ ခေါ်ရမယ်။ နောက်ပြီး သားသမီးတွေကို ကျောင်းနေအရွယ်ကစပြီး ပညာဆုံးအောင် သင်ပေးရတယ်။ သားသမီးတွေ ပညာစုံပြီဆိုရင် ပစ္စည်းဥစ္စာ ရင်းနှီးပေးရမယ်၊ အရွယ်ရောက်ပြီ အချိန်တန်ပြီဆိုတဲ့ အရွယ်ရောက်ရင် သင့်တော်တဲ့ အိမ်ထောင်ဖက်နဲ့ ထိမ်းမြားပေးရတာ မိဘရဲ့ အဓိကဝတ္တရား ဖြစ်ပါတယ်။ အခုဖော်ပြတဲ့ အချက် (၅)ချက်ဟာ မိဘတိုင်း သားသမီးအပေါ် ပြုကျင့်ရတဲ့ ဝတ္တရားတွေပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ တပည့်ကျင့်ဝတ် (၅)ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

www.burmeseclassic.com


 www.burmeseclassic.com

ဆရာသင်ကြားပေးသမျှကို ညီညာစွာ တက်ကြွစွာ ပညာဆည်းပူးရမယ်၊ ဆရာသည် တပည့်များကို ကောင်းရာကောင်းကြောင်း အနီးကပ်သင်ကြားဆုံးမသူ ဖြစ်လို့ ဆရာစကား နာခံရမယ်၊ ဆရာလာတာတွေ့ရင် တလေးတစား ခရီးဦး ကြိုရမယ်၊ ဆရာ့ဝေယျာဝစ္စတွေကို ဆောင်ရွက်ဖို့ ဆရာ့အနားမှာ ရှိနေတာ ဆရာကိုလုပ်ကျွေး ပြုစုတာပေါ့။ ပြီးတော့ ဆရာ့ဆီက သင်ထားတဲ့စာတွေကို ပြန်လည်တွေးတောပြီး နှုတ်က ရွတ်ဆိုရမယ်၊ ဆရာသင်ပေးတဲ့ ပညာကို စွဲအောင် လေ့ကျင့်ပွားများရမယ်။ ဒါမှ တပည့်ကောင်းတို့ရဲ့ ကျင့်ဝတ်တွေနဲ့ ညီမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



**၄။ ဆရာကျင့်ဝတ်(၅)ပါး**

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ သင့်ရှေ့အပ်ဖို့ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

www.burmeseclassic.com


www.burmeseclassic.com

ဆရာသင်ကြားပေးသမျှကို ညီညာစွာ တက်ကြွစွာ ပညာဆည်းပူးရမယ်၊ ဆရာသည် တပည့်များကို ကောင်းရာကောင်းကြောင်း အနီးကပ်သင်ကြားဆုံးမသူ ဖြစ်လို့ ဆရာစကား နာခံရမယ်၊ ဆရာလာတာတွေ့ရင် တလေးတစား ခရီးဦး ကြိုရမယ်၊ ဆရာ့ဝေယျာဝစ္စတွေကို ဆောင်ရွက်ဖို့ ဆရာ့အနားမှာ ရှိနေတာ ဆရာကိုလုပ်ကျွေး ပြုစုတာပေါ့။ ပြီးတော့ ဆရာ့ဆီက သင်ထားတဲ့စာတွေကို ပြန်လည်တွေးတောပြီး နှုတ်က ရွတ်ဆိုရမယ်၊ ဆရာသင်ပေးတဲ့ ပညာကို စွဲအောင် လေ့ကျင့်ပွားများရမယ်။ ဒါမှ တပည့်ကောင်းတို့ရဲ့ ကျင့်ဝတ်တွေနဲ့ ညီမှာပါ။

www.burmeseclassic.com

www.burmeseclassic.com





## ၄။ ဆရာကျင့်ဝတ် (၅)ပါး

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ သင့်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။



www.burmeseclassic.com

www.burmeseclassic.com





## ၉။ မိတ်ဆွေဝတ် (၅) ပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာ မှန်စေ၊ ဝင့်ငါးထွေ ကျင့်လေမိတ်သဟာ။

www.burmeseclassic.com


www.burmeseclassic.com

မိမိသူငယ်ချင်း မိတ်ဆွေတွေကို စကားလက်ဆောင်၊ ပစ္စည်းလက်ဆောင်များ မကြာခဏပေးရမယ်။ ချို့ငဲ့သော သူငယ်ချင်းများကို ပေးကမ်းချီးမြှင့်ထောက်ပံ့ရမယ်။ အားလုံးကို ကိုယ်နဲ့တန်းတူ ဆက်ဆံရမယ်။ မိတ်ဆွေတို့ရဲ့ အကျိုးစီးပွားကို ကောင်းမွန်အောင် ဆောင်ရွက်ပေးရမယ်။ ပြောဆိုဆက်ဆံရာမှာလည်း ယဉ်ကျေးချိုသာဖို့ ဆက်ဆံရေးပြေပြစ်ဖို့ လိုပါတယ်။ ကိုယ့်မိတ်ဆွေကို သစ္စာရှိစွာ ပေါင်းသင်းဆက်ဆံနိုင်ဖို့ကို ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



### ၁၀။ ကျေးဇူးခံ မိတ်ဆွေကျင့်ဝတ် (၅) ပါး

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ဖေးတွယ်မယ်၊ သားစဉ်မြေးစဉ် ဆက်မပျက်ချီပင့်၊ ဝတ်ငါးဆင့်၊ ပြုကျင့်မိတ်ဆွေများ။


www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကောင်းဟာ မူးယစ်သောက်စားမှေ့လျော့နေတဲ့ မိတ်ဆွေရဲ့ ဥစ္စာပစ္စည်းတွေကို စောင့်ရှောက်တတ်တယ်။ မိတ်ဆွေ၏ ဥစ္စာပစ္စည်းတွေကို ထိန်းသိမ်းကာကွယ်ပေးတယ်။ ဘေးအန္တရာယ် တစ်စုံတစ်ရာနှင့်တွေ့လာရင် အားကိုးစရာဖြစ်အောင် နေတတ်တယ်၊ ဘေးဒုက္ခနဲ့တွေ့တဲ့အခါမှာလည်း ပစ်ပယ်စွန့်၍မသွားဘဲ အနား မှာအတူရှိနေတတ်တယ်။ သားစဉ်မြေးဆက် အဆက်ဆက် မိတ်မပျက်ဘဲ ပေးကမ်း ချီးမြှင့်ခြင်းတို့ ရှိတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁။ ဒါယကာကျင့်ဝတ် (၅) ပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိ[illegible]ထား၊
တတ်အားလှူစေ၊ ဝတ်ငါးထွေ ပြုလေဒါယကာ။

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းသံဃာတို့အပေါ်၌ မေတ္တာစိတ်ရှေ့ထား၍ လှူဒါန်းပြုစုရပါမယ်။ ရဟန်း သံဃာတို့ရဲ့ အမှုကိစ္စကို ဆောင်ရွက်ရာ၌ ချစ်ခင်လေးစားစေတနာထား၍ ဆောင်ရွက်ရပါမယ်။ ခင်မင်လေးစားစွာ နူတ်ချိုကြည်သာစွာ ပြောဆိုရပါမယ်။ အလိုရှိရာကို အလှူခံတော်မူပါဟု ပင့်ဖိတ်ရမယ်။ မိမိတတ်စွမ်းသမျှ လှူဒါန်းနိုင်ရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com




## ၁၂။ ရဟန်းကျင့်ဝတ် (၆) ပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အသစ်ဟောကျူး၊ နှာရှူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု ရဟန်းမှုခြောက်ခုလွှန်သေချာ။

www.burmeseclassic.com


www.burmeseclassic.com

မကောင်းမှုများ မပြုလုပ်ရန် တားမြစ်ဟောပြရမယ်၊ ကောင်းမှုကုသိုလ် မပြတ်ပြုဖို့ ညွှန်ပြရမယ်၊ မနာကြားဖူးသေးတဲ့ တရားအသစ်တွေကို ဟောကြားရမယ်၊ နာကြား ဖူးတဲ့ တရားကိုလည်း အသစ်ထပ်မံဟောကြားနေရမယ်၊ နတ်ပြည်ရောက်ဖို့ နည်းလမ်းများကို ညွှန်ကြားဟောပြပေးရမယ်၊ ဒကာ ဒကာမတို့အပေါ် မေတ္တာထား၍ ဆုံးမဟော ပြောပေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com



### ၁၃။ နာယက ကျင့်ဝတ် (၆) ပါး

ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခုပြီးသူ ကျင့်ရ၊ တရားတည်း။

www.burmeseclassic.com


www.burmeseclassic.com

သူတစ်ပါးထက် လုံ့လရှိရမယ်၊ သူများကို မိမိကရှေ့ဆောင် ပြုလုပ်နိုင်အောင် နိုးကြားရမယ်၊ လက်အောက်ငယ်သားများအပေါ် သနားကြင်နာတတ်ရမယ်။ သည်းခံ ခွင့်လွှတ်တတ်ခြင်း ရှိရမယ်၊ အရာရာကို ချင့်ချိန်ဝေဖန်ထောက်ဆ၍ ပြုလုပ်နိုင်ရမယ်။ ဘယ်အရာကိုမဆို ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်ရှုနိုင်ရမယ်လို့ ဆိုပါတယ်။


www.burmeseclassic.com

www.burmeseclassic.com





၁၄။ အဂတိတရား (၄) ပါး

www.burmeseclassic.com

www.burmeseclassic.com


(၁) ချစ်ခင်သောကြောင့် မျက်နှာလိုက်၍ မတရားပြုတယ်၊
(၂) မုန်း၍ မတရားပြုတယ်၊
(၃) မသိလို့ မတရား အနိုင်ကျင့်ပြုတယ်၊
(၄) ကြောက်ရွံ့၍ မတရားပြုတယ်။


www.burmeseclassic.com

www.burmeseclassic.com





## ၁၅။ ဥစ္စာပျက်ကြောင်း (၆) ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား ဆိုထွင်းဥစ္စာပျက်ကြောင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com

မှုးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် သောက်လေ့ရှိတယ်။ ညအခါ အချိန်ခါမဲ့ ခရီးသွားလာလေ့ရှိတယ်။ ပွဲလမ်းသဘင် အပျော်အပါး များတယ်၊ လောင်းကစားခုန်မင်တယ်၊ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိတယ်၊ ပျင်းရိမေ့လျော့တဲ့ အကျင့်ရှိတယ်။ အဲဒါတွေဟာ မိမိရဲ့ စည်းစိမ်ဥစ္စာတွေ ပျက်စီး စေတတ်တဲ့အကြောင်းရင်းတွေ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com




## ၁၆။ မူးယစ်သေစာသောက်စားခြင်း အပြစ်(၆)ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ ပညာနည်းပါး၊ ဤခြောက်ပါးကား သောက်စားသေစာ အပြစ်တည်း။

www.burmeseclassic.com

www.burmeseclassic.com

မူးယစ်စေတတ်သော အရက်နှင့် ဘိန်း၊ မူးယစ်ဆေးပြား အစရှိတာတွေကို သုံးစွဲတဲ့သူဟာ ပစ္စည်းဥစ္စာ ယုတ်လျော့တယ်။ ငြင်းကြ ခုန်ကြနှင့် စကားများမယ်။ အနာရောဂါထူပြောမယ် ကိုယ်ကျင့်သိက္ခာကျဆင်းတယ်၊ အရှက်အကြောက်မရှိ၊ အတွေးအခေါ် ပညာ နည်းပါးတတ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com





**၁၇။ အချိန်အခါမဲ့သွားလာခြင်းအပြစ်(၆)ပါး**

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်၊ မကောင်းအရာ၊ ရွံရှာလေအောင်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစုဟူ၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ညအခါ အချိန်အခါမဲ့ ခရီးသွားသူသည် အကာအကွယ် အစောင့် အရှောက် ကင်းမဲ့တယ်၊ ထိုသူရဲ့ သားမယားတို့လည်း အကာအကွယ်အစောင့် အရှောက်ကင်းတယ်။ ထိုသူရဲ့ ဥစ္စာလည်း အကာအကွယ်အစောင့်အရှောက် ကင်းတယ်၊ တခြားသူတို့ ပြုလုပ်သော မကောင်းမှုတို့ မိမိအပေါ် အထင်ခံရတတ် တယ်။ မဟုတ်မမှန်ဘဲ အစွပ်အစွဲခံရတတ်တယ်။ များစွာသော ဆင်းရဲတို့ရဲ့ ရှေ့သွားဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





## ၁၈။ ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ် (၆) ပါး

ကခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်းတအုပ်၊ လက်ခုပ် တတည်း၊ ဖိုးစည်တဖြာ၊ ရှိရာရှာဟု၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား ကြည့်ရှုသဘင် အပြစ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆို၊ တီးမှုတ်ကခုန်သောပွဲများ၊ အကျိုးမရှိသော စကားဝိုင်းများ သွား ပါများလျှင် ကုသိုလ်ရေး၊ လိမ္မာရေး၊ စီးပွားရေးများ ဆုံးရှုံးတတ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com





## ၁၉။ လောင်းကစားခြင်းအပြစ် (၆) ပါး

နိုင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါး၊ လောင်းကစားမှု အပြစ်တည်း။



www.burmeseclassic.com

www.burmeseclassic.com




လောင်းကစားသူများဟာ နိုင်ရင်လည်း ရန်ပွားတယ်၊ ရှုံးသော် ပူပန်နောင်တရတယ်၊ လက်တွေ့ဥစ္စာ ဆုတ်ယုတ်တယ်၊ တရားရုံး၌ ထိုသူစကား သက်သေအဖြစ် မတည်၊ မိတ်ဆွေများက မထီမဲ့မြင်ပြုတယ်၊ လောင်းကစားသမားဟာ သားမယား ရှာကျွေးရန် မစွမ်းနိုင်ဟုယူဆကာ သားပေး၊ သမီးယူတို့ မပြုလုပ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ အပေါင်းအသင်း မကောင်းခြင်း အပြစ် (၆) ပါး

ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမူ၊ အတုပြုခြား လှည့်စား တယောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး မိတ်ဖြစ်သော ကြောင့် ပျက်ပြားမိတ်ဆွေအပြစ်တည်း။


www.burmeseclassic.com

www.burmeseclassic.com

အကြင်သူတို့သည် လောင်းကစားကြူးကုန်၏။ ကာမဂုဏ် ကြူးတယ်၊ သေသောက်ကြူးတယ်၊ အတူပြုလုပ်၍ လှည့်ပတ်တတ်တယ်၊ မာယာဖြင့် လှည့်ပတ်တတ်တယ်၊ နိုင်ထက်ကလူပြုတယ်၊ ထိုသို့သော အပေါင်းအသင်း မကောင်းခြင်းကြောင့် ၎င်းကို ပေါင်းဖော်မိသူများ ပျက်စီးခြင်းသို့ ရောက်တယ်။


www.burmeseclassic.com

www.burmeseclassic.com




**၂၁။ ပျင်းရိခြင်း အပြစ် (၆) ပါး**

အချမ်းပြည့်ဝှန်း၊ အလွန်ပူနွေး၊ မိုးချုပ်လှမော၊ စောလွန်းသယောင်၊ ဆာလောင် ပြင်းလှ၊ ဝမ်းဝလွန်းထွေ၊ နေ့ညစွာ၊ မဖြစ်ရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်း။

www.burmeseclassic.com

www.burmeseclassic.com

အေးလွန်သည်ဟုဆိုကာ အမှုကိစ္စကိုမပြု၊ ပူလွန်းတယ်၊ မိုးချုပ်လွန်းတယ်၊ ဆာလွန်းတယ်၊ ဝလွန်းတယ်ဟု မခိုင်လုံသော အကြောင်းပြကာ အလုပ်ကို ရှောင်ကုန်၏။ ထိုသူတို့အား မဖြစ်သေးသော စည်းစိမ်ဘုံသည် တစ်နေ့တခြား လျော့ပါးပျက်စီးလာတယ်။


www.burmeseclassic.com

www.burmeseclassic.com




## ၂၂။ မိတ်ဆွေတု (၄) ယောက်

ယူမိတ်၊ နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်၊ မိတ်တုလေး။ ရန်သူမိတ်ဆွေ ဤလေးထွေ၊ ရှောင်လေကောင်း၍ဝေး။

www.burmeseclassic.com

www.burmeseclassic.com

အယူသာရှိ ပြန်မပေးသော မိတ်ဆွေ၊ နှုတ်ပြောကောင်း၍၊ လက်မပါသော မိတ်ဆွေတု၊ ရှေ့တွင်အကောင်းပြော၊ အကြိုက်လိုက်ပြောတတ်သော မိတ်ဆွေ၊ ယုတ်မာမှုတွင် အဖော်ညီသော ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတုကို ရှောင်ရမယ်လို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





## ၂၃။ မိတ်ကောင်းမိတ်စစ် (၄) ယောက်

ပြုမိတ်၊ တူမိတ်၊ ဆရာမိတ်။ ညှာမိတ် မိတ်စစ်လေး ချစ်ဖော်မိတ်ဆွေ ဤလေး ထွေ မသွေပေါင်းဖော်ရေး။

www.burmeseclassic.com

www.burmeseclassic.com


မိမိအား ကျေးဇူးပြုသော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေသစ်၊ ချမ်းသာတူ ဆင်းရဲတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ အကျိုးစီးပွားကို ပြောတတ်သော ကောင်းသော နှလုံးရှိသော ဆရာနှင့်တူသည့် မိတ်ဆွေစစ်၊ ညာတာ သနားစောင့်ရှောက်တတ်သော စိတ်နှလုံးကောင်းသည့် မိတ်ဆွေစစ်၊ အဲဒီလို မိတ်ဆွေကိုသာ အဖော်ပြုရမယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com





၂၄။ အလှူမမြောက်သောအရာ(၅)မျိုး

www.burmeseclassic.com

www.burmeseclassic.com



(၁) သေရည်၊ အရက်၊ မူးယစ်ဆေးစသည်ကို လှူဒါန်းတာ၊

(၂) ကပွဲသဘင် ကျင်းပပေးတာ၊

(၃) မိန်းမကိုလှူတာ၊

(၄) နွားမတို့ရှိရာ နွားသိုးကို လွှတ်ပေးတာ၊

(၅) ကာမဂုဏ် စိတ်ကြွစေသော ပန်းချီကား အလှူပေးတာတွေဟာ

ဒါန မမြောက်တဲ့ အလှူတွေတဲ့တွယ်။



www.burmeseclassic.com

www.burmeseclassic.com





## ၂၅။ စကားများသော ပုဂ္ဂိုလ်အပြစ် (၅)မျိုး

www.burmeseclassic.com

www.burmeseclassic.com



(၁) မဟုတ်မမှန်တာ ပြောမိတာ၊

(၂) ကုန်းချောစကားကို ဆိုမိတာ (တစ်ယောက်နှင့်တစ်ယောက် စိတ်ဝမ်း ကွဲအောင်ပြုတာ)၊

(၃) ကြမ်းတမ်းသော စကားကိုဆိုတာ၊


(၄) သေးနုတ်ပြိန်ဖျင်းသော စကားကိုဆိုတာ၊

(၅) ခန္ဓာပျက်စီးပြီးနောက် ငရဲရောက်တတ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

၂၆။ သည်းမခံနိုင်တဲ့ အပြစ် (၅) ပါး

www.burmeseclassic.com

www.burmeseclassic.com


(၁) လူအများက ကိုယ့်ကို မချစ်မနှစ်သက်တာ တွေ့ရမယ်၊
(၂) ရန်သူများမယ်၊
(၃) အပြစ်များမယ်၊
(၄) တွေဝေပြီး သေရမယ်၊
(၅) သေပြီးရင် ငရဲရောက်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com




## ၂၇။ မာန်မာနဖြစ်စေမှု (၁၀)မျိုး

www.burmeseclassic.com

www.burmeseclassic.com

(၁) ဆွေကြီး၊ မျိုးကြီးဖြစ်တာ၊
(၂) အမျိုးအနွယ်ကောင်းမွန်တာ၊
(၃) သူကောင်းသား ဖြစ်တာ၊
(၄) ပစ္စည်းဥစ္စာ ချမ်းသာတာ၊
(၅) စာပေဗဟုသုတပြည့်စုံတာ၊
(၆) ရုပ်ရည်အဆင်းလှပတာ၊
(၇) စက်မှု လက်မှုအတတ် တတ်တာ၊
(၈) ပညာရှိတာ၊
(၉) ဗဟုသုတ ရှိတာ၊
(၁၀) မောက်မာတဲ့ စိတ်ရှိတာ
အဲဒါတွေဟာ ဘဝမှာ လူကိုမာန်မာနတွေ ဖြစ်စေပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


(၁) လာဘ်ရတာ (ငွေဝင်များတာ)၊

(၂) လာဘ်မရတာ (ငွေဝင်နည်းတာ)၊

(၃) အပေါင်းအသင်း အခြွေအရံများတာ၊

(၄) အပေါင်းအသင်း အခြွေအရံနည်းတာ၊

(၅) ကဲ့ရဲ့ပြစ်တင်ခံရတာ၊

(၆) ချီးမွမ်းခံရတာ၊

(၇) ချမ်းသာတာ၊

(၈) ဆင်းရဲတာ၊



## ၂၈။ လောကဓံ (၈) ပါး

www.burmeseclassic.com

www.burmeseclassic.com

(၁) လာဘ်ရတာ (ငွေဝင်များတာ)၊
(၂) လာဘ်မရတာ (ငွေဝင်နည်းတာ)၊
(၃) အပေါင်းအသင်း အခြွေအရံများတာ၊
(၄) အပေါင်းအသင်း အခြွေအရံနည်းတာ၊
(၅) ကဲ့ရဲ့ပြစ်တင်ခံရတာ၊
(၆) ချီးမွမ်းခံရတာ၊
(၇) ချမ်းသာတာ၊
(၈) ဆင်းရဲတာ၊

အဲဒါတွေဟာ လူ့ဘဝမှာ လူတိုင်းကြုံတွေ့ရတဲ့ လောကဓံ (၈)ပါးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com





၂၉။ မီး(၁၁)ပါး

www.burmeseclassic.com

www.burmeseclassic.com

(၁) လောဘမီး (တပ်မက်တာ)
(၂) ဒေါသမီး (အမျက်ကြီးတာ)
(၃) မောဟမီး (တွေဝေတာ)
(၄) ဇာတိမီး (ပဋိသန္ဓေနေတာ)
(၅) ဇရာမီး (အိုရတာ)
(၆) မရဏမီး (သေရတာ)
(၇) သောကမီး (စိုးရိမ်ရတာ)
(၈) ပရိဒေဝမီး (ပူဆွေးရတာ)
(၉) ဒုက္ခမီး (ကိုယ်ဆင်းရဲတာ)
(၁၀) ဒေါမနဿမီး (စိတ်ဆင်းရဲတာ)
(၁၁) ဥပါယာသမီး (ငိုကြွေးပင်ပန်းရတာ)

အဲဒါတွေဟာ လူ့ဘဝမှာ လောင်စေတဲ့ မီး (၁၁)ပါးပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com




၃၀။ ခင်ပွန်းကြီး (ကျေးဇူးရှင်) ၁၀ ပါး

www.burmeseclassic.com

www.burmeseclassic.com


(၁) ဗုဒ္ဓ (ဘုရား)
(၂) ပစ္စေကဗုဒ္ဓါ (ကိုယ်တိုင်ကျင့် ကိုယ်တိုင်သိ၍ ဝေနေယျအား ချေချွတ်၍မရသော ဘုရားငယ်)
(၃) ရဟန္တာပုဂ္ဂိုလ် (အာသဝေါကုန်ခန်း ရဟန္တာအရှင်)
(၄) အဋ္ဌသာဝက (အရိယာသာဝက နှစ်ပါး)
(၅) မာတာ (အမိ)
(၆) ပိတု (အဖ)
(၇) အရွယ်၊ အမျိုး၊ ပညာဉာဏ်၊ သီလ၊ သမာဓိဂုဏ်ကြီးသူ
(၈) ဆုံးမသွန်သင်ပေးသူ
(၉) ပေးကမ်းဖူးသူ
(၁၀) တရားဟောပုဂ္ဂိုလ် စသူတို့ကို ပြစ်မှားစော်ကားခဲ့ရင် အောက်ပါ ဒဏ် (၁၀) ပါး တစ်ပါးပါး ခံရတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com





၃၁။ ဒဿ (၁၀)ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) ဥစ္စာပျက်စီး
(၂) ဆွေမျိုးပျက်စီး
(၃) ကိုယ်ခန္ဓာပျက်စီး
(၄) ရူးတာ
(၅) နူတာ
(၆) သူများအစွပ်အစွဲခံရတာ
(၇) မီးလောင်ခံရတာ
(၈) ဖျားနာတာ
(၉) ဒဏ်ထားခံရတာ
(၁၀) တရားရှုံးတာ

ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှားရင် ဒီဒဏ်တွေ ခံရမယ်နော်။



www.burmeseclassic.com

www.burmeseclassic.com





၃၂။ ကံကြီး (၅) ပါး (ပဉ္စာနန္တရိယကံ)

www.burmeseclassic.com

www.burmeseclassic.com


(၁) အမိသတ်ကံ
(၂) အဖသတ်ကံ
(၃) ရဟန္တာသတ်ကံ
(၄) မြတ်စွာဘုရား သွေးစိမ်းတည်အောင်ပြုသောကံ
(၅) သံဃာသင်းခွဲ (သံဃာတွေ မညီညွတ်အောင် ပြုလုပ်တာ) သောကံ
အဲဒီကံကြီး (၅) ပါးထိုက်ရင် ငရဲကျတတ်တယ်။


www.burmeseclassic.com

www.burmeseclassic.com




**၃၃။ နောင်တ (၁၀) မျိုး**

(၁) အချိန်ရှိခိုက် ငယ်စဉ်က ပညာမသင်ခဲ့တာ၊

www.burmeseclassic.com

www.burmeseclassic.com

(၂) ဥစ္စာ မစုဆောင်းခဲ့တာ၊

(၃) သူတစ်ပါး အချိန်ကို ဖျက်ဆီးမိခဲ့တာ

(၄) သူတစ်ပါး မယားကို ပြစ်မှားခဲ့တာ

(၅) ဥစ္စာရှိလျက် မလှူခဲ့တာ

(၆) ဆုံးမစကား နားမထောင်ခဲ့မိတာ၊

(၇) မိဘကို မလုပ်ကျွေးခဲ့မိတာ၊

(၈) သူတစ်ပါး အသက်ကို သတ်ခဲ့မိတာ၊

(၉) ပညာရှိထံ နည်းမခံခဲ့တာ

(၁၀) မြတ်သောအကျင့်ကို မကျင့်မိခဲ့တာတွေဟာ နှောင်းမှရတတ်တဲ့ နောင်တ (၁၀)မျိုးပေါ့ကွယ်။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com




၃၄။ သားသမီး(၃)မျိုး

www.burmeseclassic.com

www.burmeseclassic.com

(၁) အတိဇာတ သား၊ သမီး - မိဘထက် သီလ၊ သမာဓိ၊ ပညာ သာလွန်သူ

(၂) အနုဇာတ သား၊ သမီး - မိဘနှင့် သီလ၊ သမာဓိ၊ ပညာ တူညီသူ

(၃) အဝဇာတ သား၊ သမီး - မိဘအောက် သီလ၊ သမာဓိ၊ ပညာ အကျင့်ညံ့ဖျင်းသူဆိုပြီး သုံးမျိုး ရှိသတဲ့။

www.burmeseclassic.com

www.burmeseclassic.com





## ၃၅။ လူတို့ကြီးပွားကြောင်း (၄) ပါး

www.burmeseclassic.com

www.burmeseclassic.com

(၁) မိဘကိုလုပ်ကျွေးတာ၊
(၂) သားမယားကျေးကျွန် အခြွေအရံတို့အား ပေးကမ်းတာ၊
(၃) အိမ်နီးနားချင်းတို့ကို ထောက်ပံ့တာ၊
(၄) သာမဏေ၊ ရဟန်းတို့အား လှူဒါန်းခြင်း အရှိအသေပြုခြင်း။


www.burmeseclassic.com

www.burmeseclassic.com





## ၃၆။ ပူဇော်ထိုက်သူ (၁၁) မျိုး

www.burmeseclassic.com

www.burmeseclassic.com


(၁) ဘုရား
(၂) သံဃာ
(၃) ဆရာ၊ ဆရာမ
(၄) အမိ
(၅) အဖ
(၆) ယောက္ခမ၊ အမိ
(၇) ယောက္ခမ၊ အဖ
(၈) အစ်ကိုကြီး
(၉) အစ်မကြီး
(၁၀) အသက်ဂုဏ်ကြီးသူ
(၁၁) လင်ယောက်ျား တို့ဟာ ပူဇော်ထိုက်သူတွေပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com






၃၇။ ပူဇော်ထိုက်သူကို ပူဇော်ရသောအကျိုး (၅) ပါး

www.burmeseclassic.com

www.burmeseclassic.com


(၁) အာယု (အသက်ရှည်တာ)

(၂) ဝဏ္ဏ (အဆင်းလှတာ)

(၃) သုခ (ကိုယ်၊ စိတ် နှစ်ပါးချမ်းသာတာ)

(၄) ဗလ (ခွန်အားဗလ ပြည့်ဖြိုးတာ)

(၅) ပဋိဘာန (ပညာဉာဏ်ထက်မြက်တာ)။


www.burmeseclassic.com

www.burmeseclassic.com




**၃၀။ အောင်မြင်ကြောင်းအခြေခံမူလတရား(၄)ပါး**

(၁) သဒ္ဓါ (တည်ကြည်တာ) (၂) ပညာ (ဉာဏ်ပညာနဲ့ ပြည့်စုံတာ)
(၃) ဝီရိယ (မနားမနေ ကြိုးစားတာ) (၄) စာဂ (ပေးကမ်းစွန့်ကြဲတာ)။

www.burmeseclassic.com

www.burmeseclassic.com



၃၉။ သေခြင်းတရား(၄)ပါး

(၁) အာယုက္ခယ (အသက်ကုန်၍သေတာ)
(၂) ကမ္မက္ခယ (ကံကုန်၍သေတာ)
(၃) ဥဘယက္ခယ (အသက်၊ ကံနှစ်ပါး ကုန်၍သေတာ)
(၄) ဥပစ္ဆေဒက (ကပ်၍ဖြတ်တတ်သော ကံကြောင့်သေတာ)။

www.burmeseclassic.com

www.burmeseclassic.com




၄၀။ သေကြောင်း (၄) မျိုး

www.burmeseclassic.com

www.burmeseclassic.com


(၁) ကံ (ကံကြောင့် သေနိုင်တာ)

(၂) စိတ် (စိတ်ကြောင့် သေတာ)

(၃) ဥတု (ဥတုကြောင့် သေတာ)

(၄) အစာအာဟာရ (အစာအာဟာရကြောင့် သေတာ၊)

အဲဒီလိုသေတာ (၄)မျိုးရှိသတဲ့။


www.burmeseclassic.com

www.burmeseclassic.com





## ၄၁။ အနန္တဂုဏ်ရှင်(၅)ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) ဗုဒ္ဓ (ဘုရားရှင်ကိုယ်တော်မြတ်)

(၂) ဓမ္မ (ဘုရားရှင်၏ တရားတော်များ)

(၃) သံဃာ (ရဟန်းတော်များ)

(၄) မာတာပီတု (မွေးမိခင်၊ မွေးဖခင်)

(၅) အာစရိယ (အတတ်ပညာပေးသူ၊ ဆိုဆုံးမသူဆရာ)။



www.burmeseclassic.com

www.burmeseclassic.com





၄၂။ အကြောင်းတရား (၄) ပါး

www.burmeseclassic.com

www.burmeseclassic.com

(၁) ကံ (သတ္တဝါတို့၏ ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်)
(၂) စိတ် (သတ္တဝါတို့၏ ကောင်းသောစိတ်နှင့် မကောင်းသောစိတ်)
(၃) ဥတု (အပူအအေးလွန်ကဲမျှတမှု ဆောင်း၊ နွေ၊ မိုး)
(၄) အာဟာရ (စားသောက်ဖွယ်နှင့် နှစ်သက်လွန်ကဲ မျှတတင်းတိမ် မှုများ)


www.burmeseclassic.com

www.burmeseclassic.com






၄၃။ အပရိဟာနိယတရား (၇) ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) သဒ္ဓါဂါရဝတာ - ဘုရား၌ ရိုသေခြင်း
(၂) ဓမ္မဂါရဝတာ - တရား၌ ရိုသေခြင်း
(၃) သံဃဂါရဝတာ - သံဃာ၌ ရိုသေခြင်း
(၄) သိက္ခာဂါရဝတာ - ကိုယ်ကျင့်သိက္ခာ၌ ရိုသေခြင်း၊ ကျင့်သုံးခြင်း
(၅) သမာဓိဂါရဝတာ - တည်ကြည်ခြင်း သမာဓိကို ရိုသေခြင်း
(၆) ကလျာဏမိတ္တတာ - ကောင်းသော မိတ်ဆွေရှိခြင်း
(၇) သောဝစဿတာ - ပညာရှိသူတော်ကောင်းတို့ ဆိုဆုံးမသော စကားကို နာယူလွယ်နိုင်ခြင်း

(စည်းစိမ်ချမ်းသာ မဆုတ်ယုတ်တိုးတက်ပွားများကြောင်းတရား ခုနစ်ပါးပဲဗျ။)



www.burmeseclassic.com

www.burmeseclassic.com





## ၄၄။ အပျင်းထူသူတို့ဆင်ခြေ(၆)ပါး

(လူပျင်းတို့၏ အပြစ်ခြောက်ပါးလည်း ဟူ၏)

(၁) ချမ်းလွန်းလှသေးသည်၊
(၂) ပူလွန်းလှသေးသည်၊
(၃) မိုးချုပ်နေပါပြီ၊
(၄) စောလှပါသေးသည်၊
(၅) ဆာလောင်နေသေးသည်၊
(၆) ဝမ်းပြည့်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



၄၅။ အရိပ်(၅)ပါး နှလုံးပြား မမှားချမ်းသာရာ

www.burmeseclassic.com

www.burmeseclassic.com



(၁) ရုက္ခဆာယာ - သစ်ပင်ရိပ်၊

(၂) ဉာတိမာတာပိတာ - မိဘဆွေညာအရိပ်၊

(၃) အာစရိယဆာယာ - ဆရာကျောင်းတို့အရိပ်၊

(၄) ရာဇသဆာယာ - မင်းကောင်းမင်းမြတ်တို့အရိပ်၊

(၅) ဗုဒ္ဓသဆာယာ - မြတ်စွာဘုရားရှင်တို့၏ သာသနာတော်အရိပ်။



www.burmeseclassic.com

www.burmeseclassic.com



၄၆။ ဣဒ္ဓိပါဒ် (၄) ပါး (ကြီးပွားတိုးတက် တန်ခိုးကြီးမှု အခြေခံ (၄) ပါး)


www.burmeseclassic.com

www.burmeseclassic.com


(၁) ဆန္ဒိဒ္ဓိပါဒ် - အလိုဆန္ဒတရား၊
(၂) ဝီရိယိဒ္ဓိပါဒ် - အားထုတ်ကြိုးစားမှု၊
(၃) စိတ္တိဒ္ဓိပါဒ် - ကြံ့စည်စိတ်ကူးမှု၊
(၄) ဝီမံသိဒ္ဓိပါဒ် - စုံစမ်းဆင်ခြင်မှု။


www.burmeseclassic.com

www.burmeseclassic.com



၄၇။ ပစ္စည်းဥစ္စာတိုးပွားမှု အားထုတ်ရာ(၅)ပါး
သမ္ပဒါမျိုး(၅)ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) မြှမည့်ကိစ္စ အကျိုးရှိ၊ မရှိ စိစစ်ဝေဖန် ဉာဏ်ဖြင့်ချိန်ရမည်၊
(၂) ထိုကိစ္စ၌ အနေအထား၊ အသွားအလာ၊ အခင်းအကျင်းတို့ အချက်ပိုင်ရမယ်၊
(၃) ထိုပစ္စည်း၌ လုပခိုင်ခံ့ခေတ်မီရေးနှင့် ပြည့်စုံရမယ်၊
(၄) စောခြင်း၊ နှောက်ကျခြင်းမရှိတဲ့ အချိန်သင့်ဖြစ်စေရမယ်၊
(၅) မုချအကျိုးရှိရမယ်ဟု တစ်ခုတည်းသော ဇွဲလုံ့လ ကြိုးစားအားထုတ်မှု ရှိရမယ်။



www.burmeseclassic.com

www.burmeseclassic.com



**၄။ အရွယ်(၃)ပါး**

(လူသတ္တဝါတို့အဖို့ အရေးကြီးသော ကာလ (၃)ပါး)

www.burmeseclassic.com

www.burmeseclassic.com



ပထမအရွယ် - အသက် (၂၀)နှစ်အတွင်း ဥစ္စာရကြောင်း နည်းကောင်းပညာကို ရှာမှီးရန်အရွယ်၊

ဒုတိယအရွယ် - အသက် (၅၅)နှစ်အထိ ပစ္စည်းဥစ္စာ ရှာဖွေဆည်းပူးရန်အရွယ်၊

တတိယအရွယ် - အသက် (၅၅)နှစ်ကျော်ကစ၍ ဘဝသံသရာရေးအတွက် ကိုယ်ကျိုးသက်သက် တရားဓမ္မပြုကျင့်အားထုတ်ရန်အရွယ်။



www.burmeseclassic.com

www.burmeseclassic.com




## ၄၉။ အလိုလောဘကြီးသူ သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



အတြိစ္ဆတာ - ကိုယ့်ရှိတာနှင့် မတင်းတိမ်ဘဲ သူများစည်းစိမ်ကို လိုချင်တောင့်တနေသူ၊

ပါပိစ္ဆတာ - သူများအထင်ကြီး ကြည်ညိုလာအောင် မိမိကိုယ်ကို ရဟန္တာယောင်ယောင်၊ ဟန်ဆောင်သော ဂုဏ်ဖြင့်ဖြင့် လာဘ်များစွာကိုခံယူနေသူ၊

မဟိစ္ဆတာ - ဟုတ်မှန်သောဂုဏ်ကိုပြ၍ ပကာသနလိုလား ထင်ပေါ်ကျော်ကြားလိုသူ၊ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြသူ။

www.burmeseclassic.com

www.burmeseclassic.com




## ၅၀။ အသက်ရှည်စေတတ်သော အကြောင်း (၅) ပါး

www.burmeseclassic.com

www.burmeseclassic.com




(၁) သပ္ပါယကာရီ - မိမိနှင့် သင့်လျော်ရာကိုသာ ပြုလေ့ရှိခြင်း၊
(၂) သပ္ပါယေမတ္တညုဇာနာတိ - ထိုသင့်လျော်ရာကို ပြုခြင်း၌ အတိုင်းအရှည်သိခြင်း၊
(၃) ပရိဏတ ဘောဇီ - ကြေညက်လွယ်သော အစားကိုသာ စားလေ့ရှိခြင်း၊
(၄) သီလဝါ - (၅) ပါးသီလနှင့် ပြည့်စုံတာ၊
(၅) ကလျာဏ မိတ္တတာ - မိတ်ဆွေခင်ပွန်းကောင်းရှိတာ၊

www.burmeseclassic.com

www.burmeseclassic.com





၅၁။ အသက်ရှည်ရာသော ကုသိုလ်မျိုး (၆) ပါး

www.burmeseclassic.com

www.burmeseclassic.com


(၁) ရေစစ်အလှူ
(၂) ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ မဏ္ဍပ်အလှူ
(၃) သူနာတို့အား ဆေးအလှူ
(၄) ပျက်စီးယိုယွင်းနေသော စေတီတန်ဆောင်း၊ ကျောင်းဇရပ်၊ တံတားတို့ကို ပြင်ဆင်ဆောက်လုပ်မှုအလှူ
(၅) သတ္တဝါတို့ကို ဘေးမဲ့ပေးလွှတ်ခြင်းအလှူ
(၆) ငါးပါးသီလကို ခါးဝတ်ပုဆိုး၊ ထဘီကဲ့သို့ မြဲစွာစောင့်ထိန်းမှုတို့ဟာ အသက်ရှည်ရာဖြစ်တဲ့ ကုသိုလ်တွေပေါ့ကွယ်။


www.burmeseclassic.com

www.burmeseclassic.com





၅၂။ အောင်ကြောင်းတရား (၄) ပါး



www.burmeseclassic.com

www.burmeseclassic.com


(၁) မိမိထက် မြင့်မြတ်သူကို နှိမ့်ချရိုသေမှုပြု၍ အောင်ရာ၏။

(၂) ဗိုလ်ပါသူရဲကို အဖော်ခွဲ၍ အောင်ရာ၏။

(၃) လက်အောက်ငယ်သားကို တံစိုးလက်ဆောင်ပေး၍ အောင်ရာ၏။

(၄) ကိုယ်နှင့်တူသူကို ကြိုးစားမှုလုံ့လပြု၍ အောင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com




၅၃။ အောင်နိုင်ခြင်းတရား(၅)ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) ဒေါသအမျက်ထွက်နေသူ အမျက်မထွက်သဖြင့် အောင်နိုင်ခြင်း၊

(၂) မကောင်းယုတ်မာသူကို ကောင်းခြင်းဖြင့် အောင်နိုင်ခြင်း၊

(၃) စေးနှဲဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ခြင်း၊

(၄) သစ္စာကင်းသူကို မှန်ကန်မှုဖြင့် အောင်နိုင်ခြင်း၊

(၅) ခပ်သိမ်းသော အကုသိုလ်ကို ကုသိုလ်တရားဖြင့် အောင်နိုင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com




## ၃၄။ ကံ (၃) ပါး (ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်သော ကောင်းမှု မကောင်းမှု များ)

(၁) ကာယကံ - ကိုယ်ဖြင့်ပြုသောအမှု
(၂) ဝစီကံ - နှုတ်ဖြင့်ပြုသောအမှု
(၃) မနောကံ - စိတ်ဖြင့်ပြုသောအမှု ကိုခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၅၅။ ကပ်ကြီး (၃) ပါး
(သတ္တဝါတို့၏အပြုအမူကံအလျောက် စီရင်ခြင်း ၃-ပါး)

www.burmeseclassic.com

www.burmeseclassic.com

(၁) ဒုဗ္ဘိက္ခန္တရကပ် - မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါး၍ သေကြေပျက်စီးသောကပ်၊

(၂) သတ္ထန္တရကပ် - ဒေါသအား ပိုကြီးမား၍ မေတ္တာရှားကာ တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ခြင်း၊

(၃) ရောဂန္တရကပ် - အနာရောဂါများကြောင့် သေကြေပျက်စီးတဲ့ကပ်ကို ခေါ်တာ။



www.burmeseclassic.com

www.burmeseclassic.com




**၅၆။ ကြီးမြတ်သူမျိုး (၃) ပါး**

(၁) မျိုးဇာတ်အားဖြင့် မြင့်မြတ်သောသူ၊

(၂) အသက်ရွယ်ကြီးသူ၊

(၃) ဂုဏ်သိက္ခာကြီးသူကို ရိုသေအပ်၏။



www.burmeseclassic.com

www.burmeseclassic.com




## ၅၇။ စေတနာသုံးတန် (အလုပ်တစ်ခု၌ စေ့ဆော်ခြင်းသုံးမျိုး)

(၁) ပုဗ္ဗစေတနာ - မပြုမီရှေးအဖို့၌ ဖြစ်သောစေတနာ၊

(၂) မုဥ္စစေတနာ - ပြုဆဲအခါ၌ ဖြစ်ပေါ်သောစေတနာ၊

(၃) ပရစေတနာ - ပြုပြီးနောက်အခါ၌ အာရုံပြု၍ဖြစ်ပေါ်သောစေတနာ။

www.burmeseclassic.com

www.burmeseclassic.com




၅၀။ ဆည်းကပ်ကိုးကွယ်ထိုက်သူ၏ဂုဏ် (၇) ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) သီလဂုဏ် - ကိုယ်ကျင့်တရားကောင်းမွန်စွာ ရှိမှုဂုဏ်၊
(၂) သမာဓိဂုဏ် - စိတ်ဓာတ်မြင့်မြတ်မှုဂုဏ်၊
(၃) ပညာဂုဏ် - လောကုတ်၊ လောကီ၊ ပညာဆီဝမှုဂုဏ်၊
(၄) ဒါနဂုဏ် - ပေးကမ်းစွန့်ကြဲမှုဂုဏ်၊
(၅) ပေယျဝဇ္ဇဂုဏ် - ချစ်ဖွယ်စကားဖြင့် ယဉ်ကျေးအောင် ပြုသောဂုဏ်၊
(၆) အတ္တစရိယဂုဏ် - သူ့အကျိုး သည်ပိုးနိုင်မှုဂုဏ်၊ ဆုံးမနိုင်မှုဂုဏ်၊
(၇) သမာနတ္တဂုဏ် - မိမိနှင့်တူသော ကောင်းကျိုးသုခကို ပေးစွမ်းနိုင်မှုဂုဏ်။



www.burmeseclassic.com

www.burmeseclassic.com





၁၉။ ဆည်းဆာ(၃)ပါး

(၁) နံနက်နေတခြမ်းထွက်ချိန်၊

(၂) နေ့လယ် မွန်းတည့်ချိန်၊

(၃) ညနေ နေတခြမ်းဝင်ချိန်။

www.burmeseclassic.com

www.burmeseclassic.com





၆၀။ ဆရာမျိုး (၃) ပါး (အတတ်ပညာပေးသူ (၃) ပါး)

www.burmeseclassic.com

www.burmeseclassic.com


(၁) သင်ဆရာ (မုတာစရိယ) ကိုယ်ထိလက်ရောက် ကျကျနနသင်ပေးသော ဆရာမျိုး၊

(၂) မြင်ဆရာ (ဒိဋ္ဌာစရိယ) သူလုပ်ကိုင်နေသည်ကိုတွေ့ကာ မြင်ကာဖြင့် တတ်မြောက်ခြင်း ရှိသူ၏ဆရာမျိုး၊

(၃) ကြားဆရာ (သုတာစရိယ) သူပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်သူ၏ ဆရာမျိုး။


www.burmeseclassic.com

www.burmeseclassic.com





၆၁။ ဆီမီးလှူကျိုး (၅) ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) တန်ခိုးတေဇော် အာနုဘော်ကြီးခြင်း၊
(၂) ရဲရင့်လျင်မြန်ခြင်း၊
(၃) ထွန်းလင်းတောက်ပ အဆင်းလှခြင်း၊
(၄) ဉာဏ်ပညာ ထက်မြက်ကြီးကျယ်ခြင်း၊
(၅) ကိတ္တိ (၂) ပါး ကျော်စောထင်ရှားခြင်း။

www.burmeseclassic.com

www.burmeseclassic.com




၆၂။ ဆွမ်းဒါန အကျိုး(၅)ပါး

www.burmeseclassic.com

www.burmeseclassic.com



(၁) အာယု - အသက်ရှည်ခြင်း၊
(၂) ဝဏ္ဏ - အဆင်းရုပ်ရည်လှပခြင်း၊
(၃) သုခ - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊
(၄) ဗလ - ခွန်အားသန်စွမ်းခြင်း၊
(၅) ပဋိဘာန - သင့် မသင့်၊ မှန် မမှန် ဝေဖန်ဉာဏ်ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၆၃။ တံမြက်စည်းလှည်းခြင်း အကျိုး (၅)ပါး

www.burmeseclassic.com

www.burmeseclassic.com


(၁) မိမိစိတ်ကြည်လင်၏၊

(၂) သူတစ်ပါးစိတ်ကို ကြည်လင်စေ၏၊

(၃) နတ်တို့ နှစ်သက်ဝမ်းမြောက်၏၊

(၄) ကြည်လင်ဖွယ်ဖြစ်စေသောကြောင့် ကောင်းမှုကုသိုလ် ဆည်းပူးသည်ဖြစ်၏။

(၅) သေသည်၏ အခြားမဲ့၌ သုဂတိနတ်ရွာလားစေတတ်၏၊

www.burmeseclassic.com

www.burmeseclassic.com



**၆၄။ တံစိုးမျိုး (၃)ပါး (တရားသူကြီးတို့ ရှောင်ကြဉ်အပ်သော လာဘ်၃–ပါး)**

(၁) သားချင်းဆွေမျိုးတော်၍ လည်းကောင်း၊
(၂) ချစ်ကျွမ်းဝင်သူဖြစ်၍ လည်းကောင်း၊
(၃) ဥစ္စာကြေးငွေယူ၍ သော်လည်းကောင်း၊
တရားကို အနိုင်ပေးခြင်းမျိုး မပြုအပ်ရာ ဟုဆို၏။


www.burmeseclassic.com

www.burmeseclassic.com



၆၅။ တရားနာရခြင်းအကျိုး (၅) ပါး

www.burmeseclassic.com

www.burmeseclassic.com

(၁) မကြားဖူးသေးသည့် တရားသစ်ဆန်းတို့ကို ကြားနာရခြင်း၊

(၂) ကြားသိပြီးသားတို့ကို တစ်ဖန်ထပ်မံခိုင်မြဲသန့်ရှင်းစေခြင်း၊

(၃) အယူအမြင်၊ အတွေးအခေါ် ဝေဖန်မှုဉာဏ် ဖြောင့်မှန်ခြင်း၊

(၄) နှစ်လုံးနှစ်ခွ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း၊

(၅) စိတ်နှလုံးချမ်းမြကြည်လင် ရွှင်ပျခြင်း။


www.burmeseclassic.com

www.burmeseclassic.com




၆၆။ ဒုလ္လဘတရား (၅) ပါး (ရခဲသော တရားငါးပါး)

www.burmeseclassic.com

www.burmeseclassic.com



(၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ - ဘုရားအဖြစ်ကို ရခဲခြင်း၊

(၂) မနုဿတ္တဘာဝ ဒုလ္လဘာ - လူ့ဘဝ၊ လူ့အဖြစ်ကို ရခဲခြင်း၊

(၃) သဒ္ဓါသမ္ပတ္တိဒုလ္လဘာ - ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး သတ္တိနှင့် ကံ, ကံ၏ အကျိုးကို ယုံကြည်ခြင်း စိတ်ဓာတ်ကို ရခဲခြင်း၊

BURMESE CLASSIC

(၄) ပဗ္ဗဇိတဘာဝဒုလ္လဘာ - ဘုရားသာသနာအတွင်း၌ ရှင်သာမဏေ၊ ရဟန်း အဖြစ်ရခဲခြင်း။

(၅) သဒ္ဓမ္မသဝနအတိဒုလ္လဘာ - သူတော်ကောင်းတို့၏ တရားစစ် တရားမှန်ကို အလွန်တရားကြားနာရခဲခြင်း။

www.burmeseclassic.com

www.burmeseclassic.com





**၆၇။ ဓေဝစ်တရား (၂)ပါး (နတ်တို့ နှစ်သက်မြတ်နိုးသော တရား။ ကမ္ဘာစောင့် တရား (၂) ပါးဟုခေါ်သည်)**

(၁) ဟိရီ - မကောင်းမှုအားလုံးမှ ရှက်ခြင်းသဘော၊

(၂) ဩတ္တပ္ပ - မကောင်းမှုအားလုံးမှ ကြောက်ခြင်း၊ မပြုဝံ့ခြင်း သဘော။

www.burmeseclassic.com

www.burmeseclassic.com



**၆၀။ ပညာရှိလက္ခဏာ (၃) ပါး**

| | | | |
|---|---|---|---|
| (၁) | သုစိန္တိတ စိန္တီ | - | ကောင်းသော အကြံကိုသာ ကြံစည်ခြင်း၊ |
| (၂) | သုဘာသိတ ဘာသီ | - | ကောင်းသောစကားကိုသာ ပြောဆိုခြင်း၊ |
| (၃) | သုကတကမ္မ၊ ကာရီ | - | အပြစ်မရှိကောင်းသော အလုပ်ကိုသာ ပြုလုပ် လေ့ရှိခြင်း။ |



www.burmeseclassic.com